*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ မေလ ၈ ရက် ရက်စွဲဖြင့် ကြေညာချက်အမှတ် (၆၀/၂၀၁၈) ကိုထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်အရ လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် ၁၃ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပတော့မည်။ နိုင်ငံရေးပါတီတွေ၊ တစ်သီးပုဂ္ဂလတွေ ပါဝင်ယှဉ်ပြိုင်ကြရတော့မည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေ ဆန္ဒမဲပေးကြရတော့မည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ကျင်းပပြီးခဲ့သော ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြီးစီးခဲ့သည့် အခြေအနေများကို ပြန်၍လေ့လာမိခဲ့သည်။ ဗဟုသုတအလို့ငှာ အနှစ်ချုပ်မျှဝေပါရစေ။

**၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ**

ပထမအကြိမ် လွှတ်တော်အသီးသီးအတွက် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၅ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၆၁ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၁၁၄၈ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၁၁၅၄ ဦး ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစု ရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ ၂၉၀၂၁၆၀၈ဦးရှိသည်။ ဆန္ဒမဲပေးသူ ၂၂၄၂၁၁၂၃ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၇၇ ဒသမ ၂၆ ရာခိုင်နှုန်းဆန္ဒမဲပေးခဲ့သည်။

**၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ပထမအကြိမ် လွှတ်တော်ကာလတွင် လစ်လပ်သွားခဲ့သော လွှတ်တော်မဲဆန္ဒနယ် ၄၅ နေရာအတွက်ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၇ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၆ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၂ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၁၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၀ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး ရွေးကောက်တင်မြှောက်ပေးနိုင်ခဲ့သည်။ အများစုရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၄၁၄၈၁၆ ဦး ဖြစ်သည်။ ဆန္ဒမဲပေးသူ ၄၃၇၄၉၂၇ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၈ ဒသမ ၂၀ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့သည်။

**၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ**

ဒုတိယအကြိမ် လွှတ်တော်အသီးသီးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၃ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နေရာ
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၅၉ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ၁၁၅၀ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစုရွေးကောက်တင်မြှောက်ခံရသည့်ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄၂၉၅၃၃၄ ဦး ရှိသည်။ ဆန္ဒမဲပေးသူ ၂၃၉၄၆၇၀၉ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၉ ဒသမ ၈၂ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့သည်။

**၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ**

ဒုတိယအကြိမ် လွှတ်တော်ကာလတွင် လစ်လပ်သွားခဲ့သော လွှတ်တော်မဲဆန္ဒနယ် ၁၉ နေရာအတွက်ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၉ နေရာ
(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၃ နေရာ
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၇ နေရာ

မဲဆန္ဒနယ်အသီးသီးအတွက် နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အများစု ရွေးကောက်တင်မြှောက်ခံရသည့် ပါတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၃၂၇၉၄ ဦးဖြစ်သည်။ ဆန္ဒမဲပေးသူ ၇၄၁၅၈၆ ဦး ဖြစ်သဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၃၆ ဒသမ ၄၈ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့ကြသည်။

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ထပ်မံ၍ ၃-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပသွားမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ် မဲဆန္ဒနယ် ၁၃ ခုရှိသည်။ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၄ နေရာ

ယင်းတို့မှာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် လဲချားမြို့နယ် မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မဲဆန္ဒနယ်များ ဖြစ်ကြသည်။

(ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁ နေရာ

ယင်းမှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဖြစ်သည်။

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၈ နေရာ

ယင်းတို့မှာ ချင်းပြည်နယ် မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) နှင့် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့ဖြစ်သည်။

လစ်လပ်မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်းမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ပြုစုခဲ့သည့် မဲစာရင်းအရ ၈၃၉၀၅၄ ဦးဖြစ်သည်။ ယင်းမဲစာရင်းများကို ပြန်လည်စိစစ်၍ ပြုစုနေကြပြီဖြစ်သဖြင့် မဲစာရင်းများကြေညာ၍ကပ်သည့်အခါ သိရှိကြရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ မှတ်ပုံတင်ခွင့် ပြုထားသော ပါတီ ၉၅ ပါတီရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်း၏ ၈-၅-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၈) ကို အဆိုပါနိုင်ငံရေးပါတီများသို့ ပေးပို့ထားသည်ဟု သိရှိရသည်။

**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ**

ဒီမိုကရေစီဟုဆိုလျှင် ရွေးကောက်ပွဲဟူသည်ရှိကြရစမြဲဖြစ်သည်။ ရွေးကောက်ပွဲတွေရှိနေလျှင် ဒီမိုကရေစီဟူသည် ရှိနေမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ ထာဝစဉ်ဒွန်တွဲလျက်ရှိသည်။

ရွေးကောက်ပွဲဟုဆိုရာတွင် သတ်မှတ်ထားသည့်ပုံမှန် အထွေထွေရွေးကောက်ပွဲရှိသည်။ အထွေထွေရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုအကြား လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲရှိသည်။ နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးကြရသည်။ ရွေးကောက်ပွဲများသည် ဥပဒေနှင့်အညီဖြစ်ရသည်။ လွတ်လပ်ရသည်။ ပွင့်လင်းမြင်သာမှုရှိရသည်။ အများယုံကြည်လက်ခံနိုင်သည့် ရွေးကောက်ပွဲမျိုးဖြစ်ဖို့လိုသည်။

**ဥပဒေ၊နည်းဥပဒေများနှင့်အညီဆောင်ရွက်ကြပါမည်**

၉-၄-၂၀၁၈ ရက်နေ့က နေပြည်တော်ရှိ Grand Amara Hotel တွင် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းတစ်ရပ်ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၆၅ ဦး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ၁၁ ဦးနှင့် အဖွဲ့ဝင် ၁၈ ဦး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ၁၁ ဦးနှင့် အဖွဲ့ဝင် ၂၀ ဦး၊ ကော်မရှင်အဖွဲ့ခွဲဝန်ထမ်း ၁၇ ဦး စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြသည်။ နှစ်ရက်ကြာကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက မကြာမီအချိန်မှာ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်အချိန်ဇယားအတိုင်း ရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် တာဝန်ရှိသူများအနေနှင့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြဖို့ မှာကြားလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြဖို့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ရာမှာ အဆင်ပြေအောင်ဆောင်ရွက်သွားကြဖို့၊ အခက်အခဲများရှိပါက ကော်မရှင်သို့ အချိန်မီတင်ပြကြဖို့ စသည်ဖြင့် လမ်းညွှန်မှာကြားထားခဲ့သည်။

**"အများယုံကြည်လက်ခံသည့်ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့"**

အထက်ပါဆောင်ပုဒ်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အလေးအမြတ်ထား၍ လက်ခံထားသော ဆောင်ပုဒ်တစ်ခုဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် မကြာမီတွင် လစ်လပ်မဲဆန္ဒနယ်အသီးသီး၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ မဲစာရင်းများ ကပ်ထားကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ပြုခြင်းမှသည် ရွေးကောက်ပွဲကျင်းပခြင်းဆီသို့ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် အချိန်ဇယားများအတိုင်း ဆောင်ရွက်သွားမည်သာဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးအမြတ်ထား၍ လက်ခံထားသောဆောင်ပုဒ်နှင့်အညီ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ လှမ်းချီတက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် တာဝန်ရှိသူများသာမက နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အားလုံးက သူ့ကဏ္ဍနှင့်သူ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်နိုင်မည်ဟု ယုံကြည်မိကြောင်းပါ။

ပြည်သူ့အားဖြင့် ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးကောက်နိုင်ပါစေ၊

ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပခြင်းဖြင့် ဒီမိုကရေစီစနစ် ပိုမိုရှင်သန် တိုးတက်ဖြစ်ထွန်းနိုင်ပါစေ။ ။

> အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ လှမ်းချီတက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် တာဝန်ရှိသူ များသာမက နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်...